[illegible]
Karenni Civil Society Network
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


**စက်တင်ဘာလ ၁၃ရက်၊ ၂၀၂၃ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ စက်တင်ဘာလ ၂၅ရက်မှ အောက်တိုဘာလ ၈ရက်နေ့ထိ၊ ၂၀၂၃ ခုနှစ် ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်၊ ၂၀၂၁ - စက်တင်ဘာလ ၂၄ ရက်၊ ၂၀၂၃ | စက်တင်ဘာလ ၂၅ ရက် မှ အောက်တိုဘာလ ၈ ရက် ၊၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၄၁၃ | ၁ | ၄၁၄ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၅၅ | | ၃၅၅ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၄၆၂ | ၂ | ၄၆၄ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၆၇ | | ၁၆၇ |
| | ဒီးမော့ဆိုမြို့နယ် | ၆၂၀ | | ၆၂၀ |
| | မယ်စဲ့မြို့နယ် | ၃၁ | | ၃၁ |
| | ဖယ်ခုံမြို့နယ် | ၃၇၆ | | ၃၇၆ |
| | ဖရူဆိုမြို့နယ် | ၁၂၉ | ၂၂ | ၁၅၁ |
| | ဘောလခဲမြို့နယ် | ၃၃ | | ၃၃ |
| | ရှားတောမြို့နယ် | ၁၆ | | ၁၆ |
| | ဖားဆောင်းမြို့နယ် | ၃၂ | | ၃၂ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |

| | | | | |
|---|---|---|---|---|
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| **ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း** | | | | |
|---|---|---|---|---|
| **စဉ်** | **မြို့နယ်** | **ခန့်မှန်းဦးရေ စက်တင်ဘာလ ၂၄ ရက်နေ့ အထိ ၂၀၂၃** | **IDPs အသစ် စက်တင်ဘာလ ၂၅ ရက် – အောက်တိုဘာလ ၈ ရက်** | **စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ** |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၂၄၀၀၀ | | ၂၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၅၀၀၀ | | ၅၀၀၀ |
| ၈ | ဘောလခဲ | ၅၂၄၁ | | ၅၂၄၁ |
| | **စုစုပေါင်း** | **၂၃၂၆၁၅** | | **၂၃၂၆၁၅** |



စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ စက်တင်ဘာလ(၂၅)ရက်မှ အောက်တိုဘာလ(၈)ရက် ၂၀၂၃ခုနှစ်
N
W
E
S
ရှမ်းပြည်နယ်
ရှမ်းပြည်နယ်
ဖယ်ခုံ
မိုးဗြဲ
Nam Thabet
လွိုင်ကော်မြို့နယ်
ရှားတော
ဒီမောဆိုမြို့နယ်
ဖရူဆို
ဘောလခဲ
ရွာသစ်
ဘီပီ - ၉
#၁
ဘီပီ - ၁၀
ဘီပီ - ၁၁
#၂ ထိုင်းနိုင်ငံ
ဖါးဆောင်း
မော်ချီး
ဘီပီ - ၁၃
မယ်စဲ့
ဘီပီ - ၁၄
ဘီပီ - ၁၆
ဘီပီ - ၁၅
ကရင်ပြည်နယ်
အညွှန်း
မြို့နယ်
လက်နက်ကြီးဖြစ် ပစ်ခပ်မှု
လေကြောင်းဗုံးကြဲတိုက်ခိုက်မှု
KA + KNDF နှင့် စကစ တိုက်ပွဲနေရာများ
တည်ဆောက်ရန် လျာထားသည့်ရေကာတာများ
တည်ဆောက်ပြီးရေကာတာများ
သတ္တုသန့်စင်စက်ရုံနေရာ
စကစ မှ ဖြုတ်သိမ်းသော ရှေ့တန်းတပ်စခန်းများ
မြန်မာ စစ်တပ်ရှေ့တန်းတပ်စခန်းများနှင့် စစ်တပ်အခြေပြုနေရာများ
ကရင်နီဒုက္ခသည် စခန်း (၁),(၂)
ဘီပီ -၉ မှ ၁၆
လမ်း
မြစ်၊ ချောင်း
KA/KNDF မှ ပိတ်ထားသောလမ်း
ပြည်နယ် နယ်နိမိတ်
0 5 10 20 Kilometers
Source: Esri, Maxar, Earthstar Geographics, and the GIS User Community

## ဖရူဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်တို့တွင် ကလေးငယ်တစ်ဦးသေဆုံးကာ အမျိုးသမီးနှစ်ဦးသေဆုံးသည့် စစ်ကောင်စီ လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှု

လွန်ခဲ့သော နှစ်ပတ်အတွင်း စစ်ကောင်စီတပ်များမှ ကရင်နီပြည်နယ် တောင်ပိုင်း မယ်စဲ့မြို့နယ်သို့ ၎င်းတို့၏ သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွင်ရှိသော ခုခံတော်လှန်ရေး တပ်ဖွဲ့များအား ရှင်းထုတ်ရန်အတွက် လေကြောင်းအပြင် လက်နက်ကြီးများဖြင့် အရပ်သားများရှိရာသို့ ရမ်းသန်းပစ်ခတ်မှုများ ပြုလုပ်ခဲ့သည့်အတွက် ဖရူဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်အတွင်း အသက် ၈ နှစ်အရွယ်ကလေးငယ်တစ်ဦး သေဆုံးပြီး အမျိုးသမီးကြီးနှစ်ဦးတို့အား ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

စက်တင်ဘာလ ၂၇ရက်၊ ဖရူဆိုမြို့နယ်၊ ထားလဲ ကျေးရွာအနီးတွင် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် KNDF B-05 တို့ နှစ်ဖက်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထိုတိုက်ပွဲတွင် KNDF ၏ စစ်ကြောင်းမှူးတစ်ဦး ကျဆုံးခဲ့ပါသည်။

စက်တင်ဘာလ ၂၉ရက်၊ ရှမ်းပြည်တောင်ပိုင်း၊ မိုးဗြဲမြို့၊ စက်တော်ရာ တောင်ပေါ်တွင် တပ်စွဲနေသည့် စစ်ကောင်စီတပ်အား မိုးဗြဲ ပြည်သူ့ကာကွယ်ရေးတပ်မှ Sniper ဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ရာ စစ်ကောင်စီတပ်သားတစ်ဦး ထိမှန်သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ပါသည်။

အောက်တိုဘာလ ၄ရက်၊ နံနက် ၆ နာရီအချိန်တွင် ဖားဆောင်းမြို့နယ်၊ ခုံးဟန့်ကျေးရွာအနီး စစ်ကြောင်းထိုးလာသော စစ်ကောင်စီတပ်များနှင့် ကရင်နီပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ ဗိုလ်ကြီးတစ်ဦးအပါအဝင် စစ်သား ၅ ဦးသေဆုံးသွားခဲ့သည်။ ထိုရက် ည ၁၀ နာရီခွဲအချိန်ခန့်တွင် စစ်ကောင်စီ၏ တိုက်လေယာဉ်တစ်စင်းသည် ဖရူဆိုအရှေ့ဘက်ခြမ်းတစ်နေရာတွင် ဗုံး ၂ လုံးကြဲချခြင်းကြောင့် နေအိမ် ၃ လုံး၊ ကျောင်းဆောင် ၃ ဆောင်နှင့် ဝန်ထမ်းအိမ်ယာ ၁ လုံးထိခိုက်ပျက်စီး ခဲ့ပါသည်။ ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ယာယီကျောင်းပိတ်ခဲ့ရပြီး ရွာသူရွာသားများမှ တောတွင်းသို့ ထွက်ပြေးပုန်းအောင်း နေကြရပါသည်။ သည့်အပြင် ဖရူဆိုမြို့နယ် အခြေစိုက် အမှတ် ၁၄ တန်းမြင့် စစ်လေ့ကျင့်ရေးကျောင်းမှ လက်နက်ကြီးများဖြင့် ကျေးရွာအတွင်းသို့ ပစ်ခတ်ခဲ့ရာ ကျေးရွာအတွင်း လက်နက်ကြီး ၅ လုံး ကျရောက်ပေါက်ကွဲခဲ့ပြီး နေအိမ် ၂ လုံး ထိမှန်ပျက်စီးသွားခဲ့သည်။



စကစ လက်နက်ကြီးကြောင့် ပျက်စီးသွားသော အိမ်၊ ဖရူဆိုမြို့နယ်



စကစ လက်နက်ကြီးကြောင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ၊ ဖရူဆိုမြို့နယယ်

အောက်တိုဘာလ ၅ရက်၊ ဖရူဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာအား ဖရူဆိုမြို့နယ် အမှတ် (၁၄) တန်းမြင့်စစ်လေ့ကျင့်ရေးကျောင်းမှ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် အသက် ၅၀ အရွယ်ရှိ ဒေသခံအမျိုးသမီးတစ်ဦး ဦးခေါင်းနှင့် ကျောကုန်းတွင် ထိမှန်ဒဏ်ရာရရှိသွားကာ နွားတစ်ကောင်အား ထိမှန်သေဆုံးသွားခဲ့သည့်အပြင် ည ၁၀ နာရီအချိန်တွင်လည်း လက်နက်ကြီး ၁၀ လုံးဖြင့် ထပ်မံပစ်ခတ်ခဲ့သည်။

အောက်တိုဘာလ ၆ ရက်၊ နေ့လည် ၁၁နာရီ ၃၀ မိနစ်ဝန်းကျင်အချိန်တွင် စစ်ကောင်စီတပ်မှ လေယဉ်ဖြင့် နန်းခွီးခူကျေးရွာအား ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အတွက် ဒေသခံအဖွားကြီးတစ်ဦး ထိမှန်ဒဏ်ရာ ရရှိသွားခဲ့သည်။ ထိုတရက်အတွင်း ဖရူဆိုအခြေစိုက် စစ်တန်းမြင့်လေ့ကျင့်ရေး အမှတ် ၁၄ ကျောင်းမှ ဖရူဆိုမြို့ အရှေ့ဘက်ခြမ်းရှိ ကျေးရွာ ၂ ရွာအား တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ ည ၁၀ နာရီကျော်အချိန်တွင် လက်နက်ကြီးဖြင့် ၁၅ လုံးကျော်ပစ်ခတ်ခြင်းကြောင့် နေအိမ် ၅ လုံးထိခိုက်ပျက်စီးကာ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် နွား၂ ကောင်ထိမှန်သေဆုံးပြီး နွားတစ်ကောင်နှင့် ကျွဲ ၃ကောင် ထိမှန်ဒဏ်ရာရရှိသွားခဲ့သည်။

အောက်တိုဘာလ ၇ရက်၊ မွန်းလွဲ ၁ နာရီအချိန်တွင် ဖရူဆိုမြို့ အနောက်ဘက်ခြမ်းတစ်နေရာသို့ လက်နက်ကြီးပစ်ခတ်ခဲ့သည့်အတွက် အသက် (၈)နှစ်အရွယ် ကလေးငယ်တစ်ဦးထိမှန်သေဆုံးခဲ့ပြီး နေအိမ် ၂ လုံး ပျက်စီးခဲ့ပါသည်။ ထို့အပြင် ညနေ ၆ နာရီအချိန်တွင်လည်း ဖရူဆိုမြို့နယ် အခြေစိုက် အမှတ် ၁၄ တန်းမြင့် စစ်လေ့ကျင့်ရေးကျောင်းမှ ဖရူဆိုမြို့ရှိ ရွာထဲသို့ လက်နက်ကြီး ၅လုံးဖြင့် ထပ်မံပစ်ခတ်ခြင်းကြောင့် နေအိမ် ၆ လုံး ထိခိုက်ပျက်စီးခဲ့ပါသည်။


**ontact persons:**

Khu Ko Reh Tel: +66 6 5329 7814

Khu Ruby Tel: +66 6 24251608

Website : www.karennicsn.org

Facebook: https://www.facebook.com/kcsnengbur

Email: kcsn2010@gmail.com